သင်နှင့်အတူငိုကြွေးတဲ့ သခင်ယေရှုဘုရား။

ပူဆွေးဝမ်းနည်းနေရတဲ့အချိန်မှာ အခက်အခဲဆုံးတစ်ခုက မိမိအခြေနေကို အခြားသူတစ်ဦးမျှ အမှန်တကယ် နားမလည်ပေးပါဟူသော ခံစားချက်ပင်ဖြစ်သည်။ အထီးကျန်စွာ ဝမ်းနည်းပူဆွေးခြင်းခရီးသည် ကိုယ်တစ်ယောက်တည်း ဖြတ်သန်းရမည့် ခရီးစဉ်တစ်ခုဖြစ်သည်ဟု ခံစားရနိုင်သည်။ သို့သော်သမ္မာကျမ်းစာက သခင်ယေရှုကိုယ်တော်တိုင် သင့်ခံစားနေရတာကို သိပြီး နားလည်ပေးတဲ့ ဘုရားဖြစ်တယ်လို ဖော်ပြထားပါသည်။ ပရောဖက် ဟေရှာယက– ဒုက္ခဝေဒနာခံရသောသူ၊ နာကျင်ခြင်းဝေဒနာနှင့် မိတ်ဖွဲ့ရသူဖြစ်၏။ [ဟေရှာယ ၅၃:၃]

သခင်ယေရှုသည် ဝမ်းနည်းပူဆွေးခြင်း တွေ့မြင်ဖူးတဲ့ဘုရားမဟုတ်ပဲ အတွင်းကျကျ ထိတွေ့ခံစားဖူးတဲ့ ဘုရားဖြစ်သည်။ အထီးကျန်ခြင်း၊ ဆုံးရှုံးခြင်း၊ သစ္စာဖောက်ခံရခြင်းနှင့် နက်ရှိုင်းသောဝမ်းနည်းခြင်းတို့ကို ကိုယ်တော်တိုင် တွေ့ကြုံခံစားခဲ့ရသည်။ လာဇရု၏ သင်္ချိုင်းတွင်းအနီး၌ သခင်ယေရှုပြုခဲ့အရာသည် တွင် ကျွန်ုပ်တို့အတွက် သင်ယူစရာများ များစွာရှိပါသည်။ ယေရှုသည် လာဇရုကို သေခြင်းမှ ထမြောက်စေတော့မည်ကို သိတော်မူခဲ့သည်။ ပျော်ရွှင်မှုသည် မိနစ်အနည်းငယ်အတွင်း၌ ရှိတော့မည်ကို သိတော်မူခဲ့သည်။ သို့တိုင် မာရိနှင့် အခြားသူများ ငိုကြွေးနေသည်ကို မြင်တော်မူသောအခါ– "ယေရှုသည် မျက်ရည်ကျတော်မူ၏။" – ယောဟန် ၁၁:၃၅။

သခင်ယေရှုဘုရားသည် လူများခံစားနေရသော ဝေဒနာများကို အလျင်စလို ဖြတ်သန်းသွားစေတော်မမူခဲ့ သလို သေးသိမ်သွားအောင်လည်း မပြုလုပ်ခဲ့သလို "အဆင်ပြေသွားမှာပါ ကျေးဇူးတော်ချီးမွမ်းလိုက်ပါ" ဟုလည်း မပြောခဲ့ပါ။ ပြဿနာကို မဖြေရှင်းမီ၊ ကိုယ်တော်သည် ဝမ်းနည်းခြင်းကို မျှဝေခဲ့သည်၊ ကြင်နာစိတ်ရှိတော်မူခဲ့သည်။ ထိုအရာက မေတ္တာရှင်ဖြစ်သည့် သက်သေပင်ဖြစ်သည်။ ရှင်လုကာ ၇ ၌ ကြေကွဲ ဝမ်းနည်းနေသော မုဆိုးမ တစ်ဦးနှင့် ဆုံတွေ့တဲ့အခါ-သခင်ဘုရားသည် ထိုအမျိုးသမီးကိုမြင်သောအခါ သူ့အပေါ် ကြင်နာစိတ်ရှိတော်မူ၍ "မငိုနှင့်" ဟု မိန့်တော်မူ၏။" – လုကာ ၇:၁၃။

သခင်ယေရှုသည် သူတစ်ပါး၏ဝေဒနာများကို အပေါ်ယံသာ ကြည့်ရှုဖြေရှင်းပေးတဲ့ ဘုရားမဟုတ်ပါ။ **သူကိုယ်တိုင် ခံစားပေးတော်မူခဲ့သည်။** ရှုတ်ချခြင်းမပြုပဲ နှစ်သိမ့်ခြင်းဖြင့် ဒုက္ခရောက်နေသူများဆီသို့ ကိုယ်တော် ချဉ်းကပ်တော်မူ၏။ သူကိုယ်တိုင် အမှောင်ဆုံးသော အခိုက်အတန့် – ဂေသရှေမန်၌ပင် – ယေရှုက ဤသို့ မိန့်တော်မူခဲ့သည်– "ငါ့ဝိညာဉ်သည် သေလုမတတ် ဝမ်းနည်းခြင်းနှင့် ပြည့်နှက်လျက်ရှိ၏။" – မဿဲ ၂၆:၃၈။

ကိုယ်တော်သည် သေလုမတတ် ဝမ်းနည်းနေရတယ်ဆိုတာ ဘာကိုဆိုလိုတာကို နားလည်တဲ့ ဘုရားဖြစ်ပါတယ်။ ဤအချက်သည် အရေးကြီးသည်၊ အကြောင်းမှာ ကျွန်ုပ်တို့၏ ကယ်တင်ရှင်ယေရှုသည် ငါတို့၏အားနည်းခြင်းများကို မထောက်ထားမညှာတာပဲ နေသူ၊ နေနိုင်သူ မဟုတ်လို့ ဖြစ်သည်။ အကြောင်းမူကား ငါတို့၏ယဇ်ပုရောဟိတ်မင်းသည် ငါတို့၏အားနည်းခြင်းများကို မထောက်ထားမညှာတာနိုင်သူမဟုတ်။ ဟေဗြဲ ၄:၁၅။

သခင်ယေရှုသည် ကယ်တင်ရှင်တစ်ပါးဖြစ်သည်။ ကယ်တင်ရှင်ဖြစ်ယုံတင်သာမက- သူသည် နားလည်ပေးသော ကယ်တင်ရှင်ဖြစ်တော်မူ၏။ ကိုယ်တော်သည် မျက်ရည်အိုင်အနား၊ အတွင်းတွင် ရပ်နေပေးတဲ့ဘုရားဖြစ်သည်။ ထာဝရတည်မြဲသော ဝမ်းမြောက်ခြင်းဆီသို့ သင့်ကို ပို့ဆောင် ပေးတဲ့ ဘုရားဖြစ်သည်။ သင်ဝမ်းနည်းနေသည့်အခါ သင့်အပေါ် စိတ်ပျက်တော်မမူပါ။ သင့်အပေါ်လည်း စိတ်ဆိုးတော်မမူပါ။ သင့်အနီးနားတွင် ရှိနေပေးတဲ့ ဘုရားဖြစ်သည်။ စကြဝဠာကို ကိုင်ထားတော်မူသော ဘုရားသခင်သည် သင်၏နှလုံးသားကိုလည်း ဆုပ်ကိုင်ထားတော်မူ၏။ ကြေကွဲဝမ်းနည်းနေတဲ့ သင်နဲ့ ကျွန်ုပ်ကို ခရစ်တော်ဘုရားက ဘယ်လိုပြောလဲဆိုရင်– ဝမ်းနည်းကြေကွဲသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား သူတို့သည် နှစ်သိမ့်ခြင်းကိုခံစားရကြလိမ့်မည်။ မဿဲ ၅:၄။

ဒီနေ့
သင့်မှာ ဝမ်းမြောက်စရာ အကြောင်းရှိပါတယ်- အကြောင်းမှာ သခင်ယေရှုသည် သင့်နှင့်အတူရှိတော်မူသောကြောင့်ဖြစ်သည်။
သင့်မှာ မျှော်လင့်စရာ အကြောင်းရှိပါတယ်- အကြောင်းမှာ ယေရှုသည် အသက်ရှင်တော်မူသောကြောင့်ဖြစ်သည်။

ဝမ်းနည်းနေခြင်းသည် ယုံကြည်ခြင်းအားနည်းခြင်း၏ လက္ခဏာမဟုတ်ပါ။
၎င်းသည် ဘုရား၏ကျေးဇူးတော်နှင့် ထိတွေ့စေနိုင်သည် ဆုံမှတ်သာ ဖြစ်သည်။

ယနေ့၊ သင့်အသက်တာသည် မျက်ရည်များဖြင့် ပြည့်နေပါက သခင်ယေရှုကိုယ်တော်လည်း ငိုကြွေးတော်မူခဲ့သည်ကို သတိရလိုက်ပါ။ သခင်ကိုယ်တော်တိုင် သင်နှင့် အတူငိုကြွေးနေပြီး၊ သင့်မျက်ရည်များလည်း သုတ်ပေးတော်မူပါသည်။ ကယ်တင်ရှင် သခင်ယေရှုဘုရားထံတော်မှ နှစ်သိမ့်ခြင်းကို ခံယူ၊ ရယူပါ။ ကိုယ်တော်သည် သင့်ကို ချစ်တော်မူ၏။ ထို့ကြောင့် သင်သည်လည်း သင့်ကိုသင် ဂရုစိုက်နိုင်သလို၊ နှစ်သက်သက်မြတ်နိုး နိုင်ပါသည်။

By David Sangdong